State Government Victoria

Department of Education and Early Childhood Development

# အလုပ် အတွေ့အကြုံ

ကျောင်းသားများ မိဘများနှင့် စောင့်ရှောက်သူများလမ်းညွှန်

Work Experience - Burmese

*‘ကြည့်ရှုမှတ်သားမှုဖြင့် အလုပ်သင်ယူခြင်း’*

## အလုပ်အတွေ့အကြုံဆိုတာ ဘာလဲ?

ကျောင်းပညာရေး အစီအစဉ်အရ၊ များသောအားဖြင့် ပထမဆုံးအကြိမ်၊ ကျောင်းသားများသည် အလုပ်လုပ်ကိုင်လျှင် တွေ့ရမည့် အတွေ့အကြုံကို ခံစားရခြင်းဖြစ်သည်။ ယင်းမှာ အထက်တန်းကျောင်းသားများကို အလုပ်ရှင်များထံတွင်၊ လုပ်ငန်းများနှင့် အလုပ်တည်ရာဌါနတို့အကြောင်း သိလာရန် ကာလတို နေရာချထားပေးခြင်းဖြစ်သည်။ ကျောင်းသားများကို အလုပ်ရှင်များထံတွင် အဓိကအားဖြင့် ကြည့်ရှုလေ့လာရန်ဖြစ်ပြီး၊ ကာလရှည်သင်တန်းပို့ချပြီး ကျွမ်းကျင်မှုရှိရန် လိုအပ်သောနေရာများ၌ ဝင်ရောက် လုပ်ကိုင်ရန် မဟုတ်ပါ။ အလုပ်ရှင်၏ လုပ်ငန်းနေရာ၌ သွားရောက်ပြီး ကျောင်းသားများအတွက် အလွန်တန်ဖိုးရှိသည့် အောက်ပါအခွင့်အရေးများကို ရစေပါသည် --

- လူကြီးများနှင့် အတူပါဝင်လုပ်ကိုင်ခြင်းဖြင့် အလုပ်ကို ပူးပေါင်း လုပ်ကိုင်ရမှုကို နားလည်စေခြင်း
- တတ်ကျွမ်းမှုအသစ်များ တီထွင်ပြီး လေ့ကျင့်စေခြင်း
- သူတစ်ပါးအကူအညီမပါဘဲ လုပ်ကိုင်တတ်လာပြီး မိမိကိုယ်မိမိ ယုံကြည်မှု တိုးတက်လာစေခြင်း
- ကျောင်းစာကို အလုပ်ခွင်တွင် ဆက်စပ်အသုံးချပုံ မြင်လာခြင်း
- ကျောင်းဆက်တက်ရန်နှင့်/ သို့မဟုတ် နောက်ထပ်သင်တန်းပို့ချမှုများ တက်ရန် စိတ်ပိုသန်လာခြင်း
- လုပ်ငန်းရွေးချယ်မှုများ ရှာဖွေလေ့လာခြင်း

နေရာချထားစဉ် ဆရာ/ မတစ်ယောက်သည် ကျောင်းသားကို ဆက်သွယ် မည်ဖြစ်ပြီး မိဘများအနေနှင့် စိတ်ပူပန်မှု တစ်ခုခုရှိလျှင်၊ ကျောင်းကို ဆက်သွယ်နိုင်ပါသည်။ နောက်ဆုံး စာမျက်နှာ၌ ဆက်သွယ်နိုင်သည့် အသေးစိတ်များကို ပေးထားပါသည်။

## မည်သည့်အခါ အလုပ်အတွေ့အကြုံ လုပ်နိုင်သလဲ?

အလုပ်အတွေ့အကြုံကို ထုံးစံအားဖြင့် ၉တန်းနှင့် ၁၀တန်းကာလအတွင်း လုပ်လေ့ရှိပါသည်။ ကျောင်းအများစုက အချိန်တစ်ခု သတ်မှတ်ထားပြီး၊ အချို့သည် ကျောင်းကာလအတွင်း ကျောင်းသားအုပ်စုငယ်များကို လွှတ် လေ့ရှိတတ်ပြီး- အချို့ကျောင်းများက ကျောင်းပိတ်ရက်များအတွင်း ကျောင်းသားများကို သူတို့သွားရမည့် နေရာများသို့ သွားစေလိုသည်။ မည်သို့ပင်ဖြစ်စေ နှစ်ကုန်ကျောင်းပိတ်ရက်များ၌ အလုပ်အတွေ့အကြုံ မလုပ်ရပါ။

ကျောင်းသားများသည် အလုပ်အတွေ့အကြုံကို ကျောင်းကာလတစ်ခုတွင် အများဆုံး ၁၀ရက် သို့မဟုတ် တစ်နှစ်လျှင် ၄၀ရက် လုပ်နိုင်ပါသည်။

## မိဘများက မည်သို့ ကူနိုင်သလဲ?

သင့်သား/သမီး ပထမဆုံးအကြိမ် အလုပ်လောကအတွင်းသို့ အလုပ်အတွေ့အကြုံအရ သွားချိန်သည် စိတ်လှုပ်ရှားဖွယ်ရာဖြစ်ပါသည်။ သင့်အ နေဖြင့် အကူအညီပြုနိုင်သည့်အရာများ များစွာရှိပါသည်။ ယင်းတို့မှာ-

- အလုပ်ရှင်က စေတနာဖြင့်နေရာချထားပေးရန် ဆောင်ရွက်ပေးခြင်းကို သင့်ကလေး သဘောပေါက်အောင် ကူညီပါ။
- သင့်ကလေး လုပ်ကိုင်ရမည့် အလုပ်မျိုးကို ယထာဘူတကျစွာ မျှော်လင့်စေရန် အားပေးပါ။ သင့်ကလေးကိုယ်တိုင် ဝင်ရောက် လုပ်ကိုင်မှုမျိုး မလုပ်နိုင်သည်တိုင်အောင်၊ လွယ်ကူရှင်းလင်းသော အလုပ်များကို လုပ်ငန်းခွင် မိတ်ဆက်မှု သေချာစွာလုပ်ပြီးလျှင်၊ တစ်ဦးဦး၏ ကြီးကြပ်မှုအောက်တွင် လုပ်နိုင်ပါသည်။ တနေ့တာ ကျောင်းတက်ချိန်ထက် အလုပ်တွင် ပိုကြာ ကြာနေရပါမည်။
- အလုပ်အတွေ့အကြုံ စီစဉ်မှုပုံစံကို တိကျစွာဖြည့်ပြီး ကျောင်းသို့ လျင်မြန်စွာပြန်ပို့ပေးပါ။ လုပ်ငန်းရှင်နှင့်ကျောင်းသားနှစ်ဦးလုံး မိတ္တူတစ်ခုစီရှိရပြီး၊ မူရင်းကို ကျောင်းက သိမ်းထားပါမည်။
- သင့်ကလေး အလုပ်အတွေ့အကြုံအပေါ် ထိခိုက်နိုင်မည့် ကျန်းမာရေး အကြောင်းအရာများ တစ်ခုခုရှိလျှင် ကျောင်းကို အသိပေးပါ။
- သင့်ကလေးအား လုပ်ငန်းခွင် ဘေးကင်းမှု (အိုအိပ်အက်စ်) နှင့် သူတို့၏ တာဝန်များ သိရန် အရေးကြီးကြောင်းပြောပြပါ။ သူတို့၏ အလုပ်အတွေ့အကြုံမစမီ၊ သူတို့လုပ်ရမည့် လုပ်ငန်းခွင်ဘေးကင်းရေး သင်ခန်းစာရပ်များပြီးဆုံးသည့်အခါ၊ သူတို့၏ ကျောင်းမှရရှိမည့် အောင်လက်မှတ်ကို တောင်းကြည့်ပါ။
- အလုပ်အသွား အပြန် အန္တရာယ်ကင်းစွာ ဖြစ်ရန်၊ ကလေးကို ကူညီ စီစဉ်ပေးပါ။
- သင့်ကလေး၏ အလုပ်အတွေ့အကြုံနေရာချမှုကို ဆွေးနွေးပါ။ ဖြစ်နိုင်သည့် သို့မဟုတ် ထင်သည့် အခက်အခဲများရှိလျှင် ကူညီဖြေရှင်းပေးပါ။
- အလုပ်သို့ သွားရန်ပျက်ကွက်လျှင်၊ သို့မဟုတ် နေရာချထားမှု၌ အခက်အခဲရှိများ ရှိနေလျှင် ကျောင်းကို ချက်ချင်းအကြောင်းကြားပါ။
- အလုပ်နှင့် သူတို့ လုပ်လိုသည့် လုပ်ငန်းများအကြောင်း သင့်ကလေးနှင့် စကားပြောပါ၊ ရွေးချယ်ရန်လမ်းမျိုးစုံရှိပုံကို တတ်နိုင်သမျှစဉ်းစားရန် အားပေးပါ။
- ကျောင်းရှိ သင့်ကလေး၏ လုပ်ငန်းများအကြံပြုတာဝန်ခံနှင့် တိုင်ပင်ပါ။

ကလေးသူငယ်တိုင်း အခွင့်အရေး အားလုံးရရမည်







## ကျောင်းသား၏ မျှော်လင့်ချက်များက ဘာတွေလဲ?

အလုပ်အတွေ့အကြုံကာလအတွင်း စိတ်ဝင်စားဖွယ်နှင့် တန်ဖိုးရှိသော နေရာချထားမှုဖြစ်ရန် ဦးတည်ပါသည်။ အဖိုးတန်သော သင်ကြားမှု အတွေ့အကြုံဖြစ်စေမှုသေချာရန်၊ ကြိုတင်စီစဉ်မှုများလုပ်ရန် လိုအပ်ပါသည်။ ကျောင်းသားများကို အောက်ပါတို့လုပ်ရန် အားပေးပါသည်။

- ဖြစ်နိုင်သည့်အခါတိုင်း၊ သူတို့ဖါသာ နေရာချထားနေရာကိုရှာပါ။ သို့သော်လည်း၊ ကျောင်းက ကျောင်းသားကို ကူပေးနိုင်ပါသည်။
- အလုပ်အတွေ့အကြုံစီစဉ်မှုပုံစံကို ဖြည့်ပြီး၊ ကျောင်းသို့ ခဏအတွင်း ပြန်ပို့ပါ။
- အလုပ်အတွေ့အကြုံမစမီ၊ အလုပ်တွင်အန္တရာယ်ကင်းစေရေး လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေးသင်ခန်းစာ တစ်ရပ်ကို ပြီးအောင်လုပ်ပါ။ ကျောင်းသားများ ယင်းအတွက် လက်မှတ်တစ်ခုရပါမည်။
- အလုပ်နေရာချထားစဉ်၊ အလုပ်သမားတစ်ဦးကဲ့သို့ ပြုမူပြီး လုပ်ငန်းခွင် စည်းမျဉ်းများနှင့် အထက်အရာရှိများ၏ ညွှန်ကြားချက်များ အားလုံးကို လိုက်နာရမည်။
- အလုပ်နေရာချထားစဉ်၊ ကျောင်းသားများသည် မိမိတို့၏ ကျောင်းကို ကိုယ်စားပြုနေသူများဖြစ်ကြောင်း၊ သတိရှိရမည်ဖြစ်သည့်အတွက်၊ ကျောင်းမူများနှင့် အပြုအမူစည်းများကို အမြဲကျင့်သုံးရမည်။
- လုပ်ငန်းခွင်နေရာချထားစဉ်၊ ကျောင်းကချမှတ်ထားသည့် လုပ်ဆောင်ချက်များ ပြီးအောင်လုပ်ပါ။
- နေရာချပေးသည့်နေရာ၌၊ သီးသန့်ထားပေးရန်နှင့် သတိထားပေးရသော အကြောင်းအရာများကို၊ ထုတ်ဖေါ်ပြောကြားမှုများ မရှိရကြောင်းနားလည်ပါ။
- ရုံးပစ္စည်းအားလုံး - တယ်လီဖုန်းသုံးမှု၊ အင်တာနက်နှင့် မိတ္တူကူးမှုတို့ သည်၊ ရုံးကိစ္စအတွက်သာဖြစ်ရန်နားလည်ပါ။
- သင့်တော်သည့်ဖိနပ်/အကာအကွယ်ပြု အဝတ်အစား/ဝတ်စုံတို့ကို အလုပ်ရှင်ပြောသည့်အတိုင်းဝတ်ပါ။
- နေရာချထားလုပ်ကိုင်မှုပြီးချိန်၌ အလုပ်ရှင်ထံမှ သုံးသပ်ချက်ကို တောင်းယူပြီး၊ ကျေးဇူးတင်ရှိကြောင်းပြောပါ။

## ငွေကြေးအခ

ကျောင်းသားများကို အနည်းဆုံး တစ်နေ့ ၅ဒေါ်လာပေးရန်ဖြစ်သည်။

နိုင်ငံတော်အစိုးရရုံးဌာန သို့မဟုတ် နိုင်ငံတော်အက်ဥပဒေ တစ်ခုခု အောက်တွင်တည်ထောင်ထားသောဌာန ပညာရေး၊ စေတနာ့ဝန်ထမ်း သို့မဟုတ် အမြတ်ရရန်မဟုတ်ဘဲ ဖွဲ့ထားသော အဖွဲ့အစည်းတို့တွင် အလုပ်နေရာချထားခဲ့လျှင် ကျောင်းသားများကို ငွေကြေးအခပေးမည် မဟုတ်ပါ။

## မသန်မစွမ်း ကျောင်းသားများ

အကယ်၍ မသန်မစွမ်းကျောင်းသားများအနေနှင့် အလုပ်အတွေ့အကြုံ နေရာချထားပေးသည့် နေရာသည်၊ သူတို့၏ တဦးချင်း ပညာရေး အစီအစဉ်နှင့် ကိုက်ညီလျှင်၊ ကျွမ်းကျင်မှု သီးသန့်တစ်ခုခုကို မြှင့်တင်ရန် အချိန်ပို လိုအပ်လျှင်၊ အလုပ်ချိန်ပိုတိုးနိုင်သည်။

## အလုပ်ရှင်များ၏ တာဝန်ဝတ္တရားများမှာ ဘာလဲ?

အလုပ်သမားများနည်းတူ၊ ပြည်နယ်နှင့် နိုင်ငံတော်၏ လုပ်ငန်းခွင်များ၌ ဘေးကင်း၍ ခွဲခြားမှုကင်းသော အခြေသည် ကျောင်းသားများအတွက် အကျုံး ဝင်ပါသည်။ လုပ်ငန်းခွင်အားလုံး အလုပ်တွင် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရေးစည်းကမ်းများကို လိုက်နာရပြီး၊ လုပ်ငန်းခွင်ဝင် သင်တန်းနှင့် လိုအပ်သလို ကြီးကြပ်မှုကို သင့်ကလေးအတွက် ဆောင်ရွက် ပေးရမည်။ သင်တန်းနှင့် ကြီးကြပ်မှုသည် သင့်ကလေးကို နေရာချသည့် လုပ်ငန်း၌ကြည့်ရှု ပြီး၊ လုပ်ကိုင်ရမှုများနှင့် သက်ဆိုင်သင့်သည်။ နေရာချ ထားချိန်အတွင်း သင့်ကလေး ထိခိုက်ဒဏ်ရာရခဲ့လျှင်၊ အလုပ်ရှင်က သင် သို့မဟုတ် အုပ်ထိမ်းသူနှင့် သူ့ကျောင်းကို တတ်နိုင်သမျှ အမြန်ဆုံး အကြောင်းကြားရပါမည်။

## အလုပ်အတွေ့အ ကြုံ

*'အလုပ်အကြောင်းသင်ယူခြင်း'*

ပိုမိုသိလိုပါက၊ သင့်အရပ်ရှိကျောင်းကို ဆက်သွယ်ပါ။